အကြောင်းအရာ။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Green Alliance Energy Co., Ltd. တည်ထောင်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေးကေ့ကော်မြို့သစ်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ဒီဇယ်ဆီသုံး Generator များဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုတင်ပြခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်	- Green Alliance Energy Co., Ltd.
	ရင်းနှီးမြှုပ်နှံသူ	- ဦးဝေဖြိုးသူ
	ရင်းနှီးမြှုပ်မှုပုံသဏ္ဌာန်	- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
	လုပ်ငန်းအမျိုးအစား	- ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေးကေ့ကော်မြို့သစ်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ဒီဇယ်ဆီသုံး Generator များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်း
၂။	တည်နေရာ	- ကရင်ပြည်နယ်၊ မြဝတီမြို့၊ လေးကေ့ကော်မြို့သစ် ၊ မြေကွက်အမှတ် LKK - ၁/၃၀၉ ရှိ မြေ ၃ ဧက၊ မြေကွက်အမှတ် LKK - ၁/၃၁၀ ရှိ မြေ ၂ ဧက နှင့် လေးကေ့ကော်မြို့သစ်၊ တပ်မဟာ (၆) ဘက်စုံစိုက်ပျိုးရေး ခြံအမှတ်(၁)ရှိ မြေ ၂ ဧက၊ စုစုပေါင်းမြေ ၇ ဧက
၃။	မြေပိုင်ရှင်	- Green Alliance Energy Co., Ltd.
	မြေအကျယ်အဝန်း	- ၇ ဧက (၂၈,၃၂၈.၀၂ စတုရန်းမီတာ)
၄။	ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်သက်တမ်း	-
၅။	တည်ဆောက်မှုကာလ	- ၁၂ လ

၆။	စုစုပေါင်းမတည်ငွေရင်းပမာဏ	- ကျပ် ၇,၈၉၀.၀၃ သန်း (အမေရိကန်ဒေါ်လာ ၁.၁၈ သန်းအပါအဝင်)

ထည့်ဝင်သည့်အမျိုးအစား	ကျပ်(သန်း)	US$ (သန်း)	စုစုပေါင်း ကျပ်(သန်း)
ငွေသား	၁,၀၀၀.၀၀	-	၁,၀၀၀.၀၀
မြေတန်ဖိုး	၃၂၀.၀၀	-	၃၂၀.၀၀
စက်ပစ္စည်း	၁,၂၇၈.၂၃	၀.၇၇၂	၂,၃၀၁.၂၄
အဆောက်အဦနှင့် ဆီသိုလှောင်ကန်	၆၅၁.၅၀	-	၆၅၁.၅၀
Generator &Accessories ၄ား ရမ်းခ	၃,၀၂၃.၇၇	-	၃,၀၂၃.၇၇
ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်း	၁၆.၀၇	-	၁၆.၀၇
ရုံးသုံးပစ္စည်း	၃၇.၄၅	-	၃၇.၄၅
ယာဉ်ယန္တရား	-	၀.၄၀၈	၅၄၀.၀၀
စုစုပေါင်း	၆,၃၂၇.၀၂	၁.၁၈၀	၇,၈၉၀.၀၃

၇။	ရောင်းချမည့်နည်းစနစ်	- ပြည်တွင်း (၁၀၀%)
၈။	ရောင်းဈေးနှုန်း	

အရေအတွက် (ယူနစ်)		တစ်ယူနစ်ရောင်းဈေးနှုန်း (ကျပ်)
၁၅,၅၅၂,၀၀၀	အိမ်သုံး	၃၃၆
	စက်မှုလုပ်ငန်းသုံး	၃၇၈

၉။	ဝန်ထမ်းခန့်ထားမှု	

	ပြည်တွင်း	ပြည်ပ
ဦးရေ	၃၈ ဦး	-
အနိမ့်ဆုံးလစာ	ကျပ် ၁၅၀,၀၀၀	
အမြင့်ဆုံးလစာ	ကျပ် ၁,၅၀၀,၀၀၀	

၁၀။	အခြားတင်ပြချက်	-ငွေကြေးအထောက်အထားအဖြစ် Green Alliance Energy Co., Ltd. အမည်ဖြင့် Yoma Bank ၌ ၁၅-၃-၂၀၁၈ရက်နေ့တွင် ကျပ် ၃,၀၀၀,၀၀၀,၀၀၀ ရှိကြောင်း တင်ပြထားပါသည်။ -ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် Green Alliance Energy Co., Ltd. တို့အကြား ၂၀၁၈ ခုနှစ် မတ်လ ၉ ရက်နေ့၌ လက်မှတ်ရေးထိုးချုပ်ဆိုထားသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းပဋိညာဉ်စာချုပ်အား တင်ပြ ထားပါသည်။

		-လုပ်ငန်းဆောင်ရွက်မည့်နေရာ၏ Survey Map, Site Plan, Layout Plan, Floor Plan, လေးကော့ကော်၊ မင်းလက်ပံ၊ ဖလူးကြီး+ ဖလူးလေး၊ အင်ကြင်းမြိုင်၊ ဖလူးကြီး+ ဖလူးလေး၊ မဲထော်သလေး၊ မဟိကလော၊ ထီးမဲ၀ခီးစသည့် ကျေးရွာများ နှင့် ဆက်သွယ်မည့် 22 kV line and 400V Network Plan တို့အား တင်ပြထားပါသည်။ - လျှပ်စစ်ဓာတ်အား 2 MW ထုတ်လုပ်ရန်အတွက် Green Alliance Energy Co., Ltd. နှင့် Aggreko International Projects Limited (UK) တို့အကြား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ ရက်စွဲဖြင့် လက်မှတ်ရေးထိုး ချုပ်ဆိုထားသော Temporary Power Rental Agreement အား တင်ပြထားပါသည်။ -လုပ်ငန်းဆောင်ရွက်မည့် မြေ ၇ ဧက အား မြေပိုင်ရှင် ဦးစောနယ်ဒါးထူးထံမှ ရင်းနှီးမြှုပ်နှံသူ ဦးဝေဖြိုးသူမှ ဝယ်ယူထားသည့် မြေအရောင်းအဝယ် စာချုပ်အား တင်ပြထားပါသည်။
၁၁။	စိစစ်တင်ပြချက်	-အဆိုပြုလုပ်ငန်းသည်ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပါဝင်ပြီး ISIC 351 တွင် အကျုံးဝင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊မရက-၅(လ)/အ-၀၀၅/၂၀၁၈(၇၄)

ရက်စွဲ၊ ၂၀၁၈ ခုနှစ် ဧပြီလ ၁၁ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့

တင်ပြသည့် အမှာစာ

အကြောင်းအရာ။ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Green Alliance Energy Co., Ltd. တည်ထောင်ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေးကေ့ကော် မြို့သစ်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ဒီဇယ်ဆီသုံး Generator များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုတင်ပြခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Green Alliance Energy Co., Ltd. တည် ထောင်ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့၊ လေးကေ့ကော်မြို့သစ် ၊ မြေကွက်အမှတ် LKK - ၁/၃၀၉ ရှိ မြေ ၃ ဧက၊ မြေကွက်အမှတ် LKK - ၁/၃၁၀ ရှိ မြေ ၂ ဧက နှင့် KNU တပ်မဟာ (၆) ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံအမှတ်(၁)ရှိ မြေ ၂ ဧက၊ စုစုပေါင်းမြေ ၇ ဧကတွင် ဒီဇယ်ဆီသုံး Generator များဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ကော်မရှင်သို့ အတည်ပြုချက်တင်ပြလာပါသည်။

၂။ အတည်ပြုလျှောက်ထားလွှာနှင့်အတူ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် Green Alliance Energy Co., Ltd. တို့အကြား ၂၀၁၈ ခုနှစ် မတ်လ ၉ ရက်နေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုထားသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း ပဋိညာဉ်စာချုပ်အား တင်ပြထားပါသည်။ လျှပ်စစ်ဓာတ်အား 2 MW ထုတ်လုပ်ရန်အတွက် Green Alliance Energy Co., Ltd. နှင့် Aggreko International Projects Limited(UK) တို့အကြား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ ရက်စွဲဖြင့် လက်မှတ်ရေးထိုး ချုပ်ဆိုထားသော Temporary Power Rental Agreement အား တင်ပြထားပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့် မြေ ၇ ဧက အား မြေပိုင်ရှင် ဦးစောနယ်ဒါးထူးထံမှ ရင်းနှီးမြှုပ်နှံသူ ဦးဝေဖြိုးသူမှ ဝယ်ယူထားသည့် မြေအရောင်းအဝယ်စာချုပ်အား တင်ပြထားပါသည်။

၄။ တည်ဆောက်ရေး ကာလမှာ တစ်နှစ် ကြာမြင့်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်းမတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၁၈အပါအဝင် ကျပ် ၇,၈၉၀.၀၃ သန်းဖြစ်ပြီး မတည်ငွေရင်း ထည့်ဝင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ထည့်ဝင်သည့်အမျိုးအစား	**ကျပ် (သန်း)**	**US$ (သန်း)**	**စုစုပေါင်း ကျပ်(သန်း)**
ငွေသား	၁,၀၀၀.၀၀	-	၁,၀၀၀.၀၀
မြေတန်ဖိုး	၃၂၀.၀၀	-	၃၂၀.၀၀
စက်ပစ္စည်း	၁,၂၇၈.၂၃	၀.၇၇၂	၂,၃၀၀.၂၄
အဆောက်အဦးနှင့်ဆီသိုလှောင်ကန်	၆၅၁.၅၀	-	၆၅၁.၅၀
Generator &Accessories ငှားရမ်းခ	၃,၀၂၃.၇၇	-	၃,၀၂၃.၇၇
ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်း	၁၆.၀၇	-	၁၆.၀၇
ရုံးသုံးပစ္စည်း	၃၇.၄၅	-	၃၇.၄၅
ယာဉ်ယန္တရား	-	၀.၄၀၈	၅၄၀.၀၀
စုစုပေါင်း	**၆,၃၂၇.၀၂**	**၁.၁၈၀**	**၇,၈၉၀.၀၃**

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း ၃၈ ဦး ခန့်ထားမည်ဖြစ်ပြီး ဝန်ထမ်းတစ်ဦး၏အနိမ့်ဆုံးလစာမှာ ကျပ်၁၅၀,၀၀၀ နှင့်အမြင့်ဆုံးလစာမှာကျပ် ၁,၅၀၀,၀၀၀ ဖြစ်ပါသည်။

၇။ လုပ်ငန်းမှထွက်ရှိသော လျှပ်စစ်ဓာတ်အား ပြည်တွင်းတွင် ၁၀၀% ရောင်းချမည် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား(ပထမနှစ်)တွင် ထုတ်လုပ်မည့် အရေအတွက်နှင့်တစ်ယူနစ်ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အရေအတွက် (ယူနစ်)	**တစ်ယူနစ်ရောင်းဈေးနှုန်း**	**(ကျပ်)**
၁၅,၅၅၂,၀၀၀	အိမ်သုံး	၃၃၆
	စက်မှုလုပ်ငန်းသုံး	၃၇၈

၈။ ငွေကြေးအထောက်အထားအဖြစ် Green Alliance Energy Co., Ltd. အမည်ဖြင့် Yoma Bank ၌ ၁၅-၃-၂၀၁၈ ရက်နေ့တွင် ကျပ် ၃,၀၀၀,၀၀၀,၀၀၀ ရှိကြောင်းတင်ပြထားပါသည်။

စိစစ်တင်ပြချက်

၉။ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မူဝါဒနှင့်ဥပဒေရေးရာဌာနခွဲမှ ကော်မရှင် ခွင့်ပြုမိန့်နှင့် ဆုံးဖြတ်ချက်(မူကြမ်း)အား ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း စိစစ်ပြီးဖြစ်ပါသည်။

(ခ) အလုပ်သမားများအတွက် သက်သာချောင်ချိရေးအစီအစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်နှင့် Corporate Social Responsibility (CSR) အစီအစဉ်များကိုလည်းတင်ပြထားပါသည်။

(ဂ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ- ၃၆ အရ အဆိုပြုလုပ်ငန်းသည် ကော်မရှင်၏ ခွင့်ပြုမိန့် ရယူဆောင်ရွက်ရမည့်စာရင်းတွင် ပါဝင်ခြင်းမရှိသဖြင့် အတည်ပြုမိန့်ဖြင့် ဆောင်ရွက်နိုင်ကြောင်း စိစစ်ရပါသည်။

(ဃ) မွန်ပြည်နယ်တွင် အဆိုပြုလုပ်ငန်းအမျိုးအစားနှင့် အလားတူလုပ်ငန်းဖြစ်သည့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ၂ ခု အနေဖြင့် မြတ်သူရစက်မှုလက်မှုကုမ္ပဏီလီမိတက်နှင့် အရှေ့တောင် အထွေထွေစွမ်းအင်နှင့်လျှပ်စစ်ကုမ္ပဏီလီမိတက်တို့အား ကော်မရှင်မှ အတည်ပြုမိန့် ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၀။ Green Alliance Energy Co., Ltd. တည်ထောင်ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့ နယ်၊ လေးကေ့ကော်မြို့သစ်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ဒီဇယ်ဆီသုံး Generator များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုချက်တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုမိန့် ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ